စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ

# ရွှေတောင် - ၈ နှင့် ငွေချည် - ၉
# အထူးအထွက်တိုး
# ချည်မျှင်ရှည်ဝါမျိုးသစ်



## ရွှေတောင်-၈ ဝါမျိုး၏ ထူးခြားကောင်းမွန်သော အရည်အသွေးများ



၁။ ဝါအထွက်နှုန်းကောင်းမွန်ခြင်း
၂။ ပိုမိုအသက်လျင်ခြင်း
၃။ စုပ်ပိုးဒဏ်ခံနိုင်ရည်ရှိခြင်း၊ သီးလုံးဖောက်ပိုးများဒဏ်ခံနိုင်ရည်ရှိခြင်း
၄။ ရာသီနှင့်ဒေသ ကိုက်ညီမှုရှိခြင်း
၅။ ချည်အရည်အသွေးကောင်းမွန်ခြင်း
၆။ ဂွမ်းအထွက်နှုန်းကောင်းမွန်ခြင်း
၇။ စုပ်ပိုးနှင့်သီးလုံးဖောက်ပိုးဒဏ်ပိုမိုခံနိုင်ရည်ရှိသဖြင့် အခြားဝါမျိုးများထက် ပိုးသတ်ဆေးဖိုးနှင့် ဆေးဖျန်းကုန်ကျစရိတ်သက်သာခြင်း၊ ကျွယ်ဝါအရောင်အစွန်းများကင်းပြီး၊ ဝါအရည်အသွေးကောင်းမွန်သဖြင့် ဝါဈေးနှုန်းပိုမိုရရှိခြင်း။
၈။ အပင်သီးပွင့်အင်္ဂါဖြစ်ထွန်းမှုကောင်းခြင်း
၉။ ဝါပေါက်ကြီး၊ ဝါပေါက်ညီ၍ ဝါကောက်ရလွယ်ခြင်း

## ငွေချည်-၉ ဝါမျိုး၏ ထူးခြားကောင်းမွန်သော အရည်အသွေးများ



၁။ ဝါအထွက်နှုန်းကောင်းမွန်ခြင်း
၂။ အခြားဝါမျိုးများထက်ပိုမိုအသက်လျင်ခြင်း
၃။ ရွက်မွေးထူသဖြင့်စုပ်ပိုးဒဏ်ခံနိုင်ရည်ရှိခြင်း၊ သီးလုံးဖောက်ပိုးများဒဏ်ခံနိုင်ရည်ရှိခြင်း
၄။ ရာသီနှင့်ဒေသ ကိုက်ညီမှုရှိခြင်း
၅။ ချည်အရည်အသွေးကောင်းမွန်ခြင်း
၆။ ဂွမ်းအထွက်နှုန်းကောင်းမွန်ခြင်း
၇။ စုပ်ပိုးနှင့်သီးလုံးဖောက်ပိုးဒဏ်ပိုမိုခံနိုင်ရည်ရှိသဖြင့် အခြားဝါမျိုးများထက် ပိုးသတ်ဆေးဖိုးနှင့် ဆေးဖျန်းကုန်ကျစရိတ်သက်သာခြင်း၊ ကျွယ်ဝါအရောင်အစွန်းများကင်းပြီး၊ ဝါအရည်အသွေးကောင်းမွန်သဖြင့် ဝါဈေးနှုန်းပိုမိုရရှိခြင်း။
၈။ အပင်ပုံသဏ္ဍာန်မှာ ဆစ်ကြားတို၍ သီးလုံးစိပ်သည့်အတွက် တစ်ဧကအပင်ဦးရေ ပိုမိုဝင်ဆန့်ပြီး ဝါထွက်သာလွန်ခြင်း
၉။ ဝါပေါက်ကြီး၊ ဝါပေါက်ညီ၍ ဝါကောက်ရလွယ်ခြင်း

## တစ်ဧက ဝါပိဿာ(၁၀၀၀)နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ်

၁။ မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အတွင်း၊ မိုးဝါကို မေလလယ်မှ ဇွန်လကုန်အတွင်းနှင့် မိုးနှောင်းဝါကို ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အတွင်း စိုက်ပျိုးပါ။

၂။ စိုက်ပျိုးရေးဦးစီးဌာန (ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ) မှ ရောင်းချသော ငွေချည် - ၆၊ ရွှေတောင် - ၈ နှင့် ငွေချည် - ၉ မျိုးသန့်ဝါစေ့များကိုသာ သုံးစွဲပါ။ အပင်ပေါက်နှုန်းကောင်းမွန်သည့်အတွက် အပင်မကြပ်စေရန်နှင့် မျိုးစေ့သက်သာစေရန် စိုက်ကျင်းတစ်ကျင်းလျှင် မျိုးသန့်ဝါစေ့ (၃) စေ့ထက်မပိုစေဘဲ မျိုးစေ့ချစိုက်ပျိုးပါ။

၃။ တစ်ဧကသတ်မှတ်အပင်ဦးရေပြည့်မီစေရန် စိုက်တန်းစိုက်ကျင်းကို၊ ငွေချည် - ၆ ဝါ နှင့် ရွှေတောင် - ၈ ဝါ စိုက်ပျိုးလျှင် ၃' × ၃' - ၂ ပင်ချန်၊ ငွေချည် - ၉ ဝါ စိုက်ပျိုးလျှင် ၂.၅' × ၂.၅' - ၂ ပင်ချန်စနစ်ကို အသုံးပြုစိုက်ပျိုးပါ။

၄။ ရွက်စစ်(၃ - ၄)ရွက်ထွက်ချိန် (စိုက်ပြီး ၁၈ - ၂၁ ရက်)အတွင်း စိုက်ကျင်းတစ်ကျင်း (၂)ပင်ချန်လျက် သားခွဲပါ။

၅။ နွားချေးလှည်း (၁၀ စီး)နှင့် ကွန်ပေါင်းမြေဩဇာ (၁)အိတ်ကို မြေခံအဖြစ်လည်းကောင်း၊ ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက်ကို အပိန့်ဝင်ချိန်တွင် အပင်ခြေမှ ၆" အကွာတွင်လည်းကောင်း၊ ပန်းပွင့်ချိန်တွင်အပင်ခြေမှ ၈" အကွာတွင်လည်းကောင်း၊ ထည့်သွင်းပါ။

၆။ ဝါပင်သက်တမ်းတစ်လျှောက် ပေါင်းမြက်ကင်းစင်စွာထားပါ။ စိုက်တန်းများအကြား ကြားထွန်တိုက်ခြင်းဆောင်ရွက်ပါ။

၇။ အပိန့်စတင်ကာနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တို့တွင် အစိုဓာတ်လုံ လောက်စွာမရပါက ရေသွင်းပါ။ ရေသွင်းပြီးတိုင်း ကြားထွန်တိုက်မြေဆွပါ။

၈။ ရေသွင်းမြောင်း / ရေထုတ်မြောင်းများ စနစ်တကျထား၍ ရေပိုရေလျှံများကို ထုတ်ပစ်ပါ။ ရေဝပ်ရေစိမ့်ခြင်း မဖြစ်အောင် ကာကွယ်ပါ။

၉။ ဝါပင်(၅၀)ရက်သားအထိ စုပ်ပိုးကာကွယ်ဆေး(၂)ကြိမ်နှင့် (၆၀)ရက်သားနောက်ပိုင်း ဝါဂွမ်းပိုးနီနှင့် ရွက်လိပ်ရွက်စားပိုးအတွက် ဆေး(၂)ကြိမ်ဖျန်းပါ။ လိုအပ်ပါက အခြားပိုးများအတွက်လည်းဆေးဖျန်းကာကွယ်ပါ။

၁၀။ အလေအလွင့်မရှိအောင် ဝါကောက်သိမ်းပါ။

## ရွှေတောင် – ၈ နှင့် ငွေချည် – ၉

- လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝါသီးနှံဌာနခွဲမှ ထုတ်လုပ်ဖြန့်ဖြူးသည့် ရွှေတောင် - ၈ နှင့် ငွေချည် - ၉ ချည်မျှင်ရှည်ဝါ မျိုးသစ်များသည်၊ တစ်ဧက ပိဿာ (၁၀၀၀) ကျော်အထိ ထွက်ရှိနိုင်သည့်အပြင် အခြားသောနှစ်လိုဖွယ်ရာ အရည်အချင်းများနှင့် လည်းပြည့်စုံသောဝါမျိုးများဖြစ်ပါသည်။
- ရွှေတောင် - ၈ ဝါမျိုးအား မျိုးသုတေသနပညာရှင်များမှ မျိုးစပ်ထုတ်လုပ်ခြင်းဖြင့် လည်းကောင်း၊ ငွေချည် - ၉ ဝါ အား၊ မျိုးသုတေသနပညာရှင်များက နိုင်ငံခြားမှ တင်သွင်း လာသော ချည်မျှင်ရှည်ဝါမျိုးများထဲမှ မျိုးရွေးချယ်ခြင်းနည်း (Selection) ဖြင့် အဆင့်ဆင့်ရွေးချယ် ထုတ်လုပ်ခြင်းဖြင့် လည်းကောင်း၊ ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
- ထို့အပြင် မျိုးစေ့အရည်အသွေးမှန်ကန်စွာဖြင့် တောင်သူများလက်ဝယ်သို့ နှစ်စဉ်ဖြန့်ဖြူးနိုင်ရေးအတွက် ဝါသုတေသနခြံကြီးများတွင် မျိုးသန့်အဆင့်အလိုက် အဆင့်ဆင့်ပွားများထုတ်လုပ်ထားခြင်းဖြစ်ပြီး၊ မျိုးသန့်မျိုးပွားမျိုးစေ့အဆင့်(Registered Seed) များအား၊ ဝါစိုက်တောင်သူများသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

## ရွှေတောင် – ၈ နှင့် ငွေချည် – ၉ ဝါစိုက်ပျိုးခြင်းမှ တစ်ဧက အကျိုးအမြတ်ရရှိမှု

| စဉ် | အကြောင်းအရာ | ငွေ (ကျပ်) |
|---|---|---|
| ၁။ | **ကုန်ကျစရိတ်** | |
| | - စိုက်ထယ်ရေး/ ထွန်ရေးပြင်ခြင်း | ၅၄,၀၀၀ |
| | - စိုက်ပျိုးခြင်း/ အပင်ပြုစုခြင်း/ ဝါကောက်သိမ်းခြင်းလုပ်အားများအတွက် ကုန်ကျစရိတ် | ၃၁၀,၀၀၀ |
| | - သွင်းအားစုပစ္စည်းများတန်ဖိုး | ၂၇၆,၀၀၀ |
| | **ကုန်ကျစရိတ်ပေါင်း** | ၆၄၀,၀၀၀ |
| ၂။ | **ဝင်ငွေ**<br>(တစ်ဧကဝါအထွက်ပိဿာ(၁၀၀၀)အား၊ တစ်ပိဿာ ၁၀၀၀ိ/- နှုန်းဖြင့် ရောင်းရငွေ) | ၁,၀၀၀,၀၀၀ |
| ၃။ | **တစ်ဧကအသားတင်အမြတ်ငွေ** | ၃၆၀,၀၀၀ |

## ထုတ်လုပ်ဖြန့်ဖြူးနေသည့် အလားအလာကောင်း ဝါမျိုးသစ်များ၏ အရည်အသွေးလက္ခဏာများ

| စဉ် | အရည်အသွေးလက္ခဏာများ | ငွေချည်-၆ | ရွှေတောင်-၈ | ငွေချည်-၉ |
|---|---|---|---|---|
| ၁။ | ဂွမ်းအထွက်နှုန်း | ၃၇% | ၃၈% | ၃၉% |
| ၂။ | ဂွမ်းမွှေးအရှည် | ၂၉ မီလီမီတာ | ၃၀ မီလီမီတာ | ၃၀ မီလီမီတာ |
| ၃။ | ဂွမ်းမွှေးချောမွေ့မှု | ၄.၈ မိုက်ခရိုနေးယား | ၄.၈-၅.၁ မိုက်ခရိုနေးယား | ၄.၈-၅.၃ မိုက်ခရိုနေးယား |
| ၄။ | ဂွမ်းမွှေးခိုင်ခန့်မှု | ၈.၀ ပေါင်/မီလီဂရမ် | ၈.၀ ပေါင်/မီလီဂရမ် | ၈.၀ ပေါင်/မီလီဂရမ် |
| ၅။ | ဂွမ်းမွှေးရင့်မှည့်မှုအချိုး | ၁.၀ | ၁.၀၁ | ၁.၀၁ |
| ၆။ | အစေ့ (၁၀၀၀) အလေးချိန် | ၉၉ ဂရမ် | ၉၉ ဂရမ် | ၁၀၃ ဂရမ် |
| ၇။ | ဝါတစ်ပေါက်အလေးချိန် | ၄.၅ ဂရမ် | ၄.၅ ဂရမ် | ၄.၃၆ ဂရမ် |
| ၈။ | တစ်ပင်ပျမ်းမျှသီးလုံး | ၄၀ | ၄၀ | ၄၀ |
| ၉။ | စိုက်စနစ် | ၃'×၃' (၂ ပင်ချန်) | ၃'×၃' (၂ ပင်ချန်) | ၂.၅'×၂.၅' (၂ ပင်ချန်) |
| ၁၀။ | တစ်ဧကအပင်ဦးရေ | ၉၆၈၀ | ၉၆၈၀ | ၁၃၉၃၉ |
| ၁၁။ | တစ်ဧကပျမ်းမျှအထွက်ပိဿာ | ၁၀၀၀-၁၁၀၀ | ၁၀၀၀-၁၁၀၀ | ၁၂၀၀-၁၄၀၀ |